
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
အသူရကာယ်ဘုံ

အမှောင်ထု ကြီးစိုးနေတဲ့ ညအချိန်က နန်းတွင်းတစ်ခုလုံးကို အုပ်ထားသည့်အချိန် အဆောင်တော်တွေ အရှေ့မှာ ထွန်းထားတဲ့ ဆီမီးတိုင်လေးတွေရဲ့ အလင်းရောင် မှုန်ဝါးဝါးက ရုတ်တရက် ထွက်ပေါ်လာခဲ့တယ်။ အလင်းရောင် ထွက်ပေါ် လာပြီး မရှေးမနှောင်း အချိန်မှာ တော့

"အား ကျွတ် ကျွတ် နာလိုက်တာ မိခင်နှောင်းရယ် ငါမွေးတော့မယ်ထင်တယ် သမားတော် မြန်မြန် သွားပင့်ချေဦး"

"အရှင်မ ခဏလေး သည်းခံတော်မူပါဦး ဘုရား အကျွန်တော်မျိုးမယခုပဲ သွားပင့်ပါ့မယ် မယ်ခင် အသင်က အရှင်မ အနားမှာ ပဲ နေနေနော် ငါပြန်လာခဲ့မယ်"

နန်းတွင်းသူ ခင်နှောင်းလည်း အရှေ့နန်းဆောင်ထဲကနေ ကပျာကယာ ထွက်ပြီး သမားတော်တွေနေတဲ့ အဆောင်တော် ဘက်ကို ခပ်သုတ်သုတ် ထွက်သွား လိုက်တယ်။

မျှား မကြာမီ နန်းတွင်း တစ်ခုလုံး ကညင်တိုင် ဆီမီးရောင်တွေနဲ့ လင်းထိန် သွားတယ်။

"ဘဝရှင် မင်းတရားကြီး ကြွ လာပြီဟေ့"ဆိုတဲ့ အသံကြောင့် နန်းတွင်းသူ နန်းတွင်းသား မှူးမတ် စစ်သည် တွေ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တယ်။

ထီးဖြူကိုစောင်းပြီး ရာဇဗ္ဗန္ဓေအပြည့်နဲ့ လျှောက်လှမ်းလာတဲ့ မင်းတရားကြီးက အရှေ့နန်းဆောင်ရှေ့မှာ ရပ်လိုက်တော့ နန်းဆောင်ထဲက

နေ သမားတော်ချုပ် ဦးစက္က ပြေးထွက် လာခဲ့တယ်။

"ဟဲ့ စေက္က မိဖုရား အခြေအနေ ဘယ်လိုရှိလဲ"

"မှန်လှပါ အရှင်မင်းတရားကြီး မိဖုရားကြီးက များ မကြာမီ မီးဖွား တော့မှာ ဖြစ်လို့ စိုးရိမ်ကြောင့်ကြတော် မပူပါနဲ့ ဘုရား ကျွန်တော်မျိုးတို့ သမားတော်တွေ အနေနဲ့ အစွမ်းကုန် ကြိုးစား ပြုစုလျက် ရှိပါတယ် ဘုရား"

"အိမ်း အရင်သားတော် သမီးတော်တွေ မွေးတုန်းက ဒီလောက် စိတ်ပူတော် မပူဘူးကွဲ့ ဒီနေ့မှ ငါ့ရင်တွေ တော်တော် ပူပန်နေရပါလား မောင်မင်းတို့ လုပ်စရာရှိတာ လုပ်ကြပါလေ ငါကိုယ်တော် ဒီနန်းဆောင် အရှေ့က ပန်းခြံမှာ စောင့်တော် မူနေမယ်"

မင်းတရားကြီးလည်း မိဖုရားခေါင်ကြီး မီးဖွားမယ့်အချိန်ကို စောင့်ဆိုင်း နေတဲ့ အချိန်

"အူဝဲ အူဝဲ အူဝဲ"

ရုတ်တရက် ကြားလိုက်ရတဲ့ ကလေးငိုသံကြောင့် မင်းတရားကြီး မတ်တတ် ထရပ်လိုက်မိတယ်။

"ဟဲ့ သေင် အခြေအနေ သွားထောက် ကြည့်စမ်း မိဖုရားကြီးရော ကလေးရော ကျန်းမာပါလေစ"

မင်းတရားကြီးရဲ့ အတိုင်ပင်ခံ အမတ်ကြီး ဦးဖိုးသင်လည်း နန်းဆောင် အရှေ့သွားပြီး အခြေအနေကို သွားမေးပြီး ပြန်အလာ

"အရှင်ဘုရား မိဖုရားကြီးက သားရတနာ တစ်ပါးကို ဘေးအန္တရာယ် ကင်းစွာ မီးရှူး သန့်စင်တော်မူပါတယ် ဘုရား မိဖုရားကြီးရော မင်းသားငယ်လေးပါ ဘေးကင်းကြောင်းပါ ဘုရား"

"ဟူး အခုမှ ပဲ သက်ပြင်း ချနိုင်တော့တယ် သမားတော်တွေကို ပိုးပဝါတစ်အုပ်နဲ့ ဆန်းတစ်တင်းစီ ဆုတော်အဖြစ် ပေးတော်မူမယ် မနက်အရုဏ်တက်ရင် သားတော်ငယ်ကို အမည်သမုတ်ဖို့ အတွက် သင့်ရာစီမံကြပေတော့"

"အမိန့်တော်မြတ် အတိုင်းပါ ဘုရား"

မနက် အရုဏ်တက်ချိန် ရောက်တာနဲ့ နန်းတွင်းတစ်ခုလုံး အုံးအုံးကျွက်ကျွက်နဲ့ လှုပ်ရှား နေကြလေတော့တယ်။

ညီလာခံစတဲ့ အချိန်ရောက်တော့

"မှူးမတ်အပေါင်းတို့ ယမန်နေ့ညမှာ  မီးရှူးသန့်စင်ခဲ့တဲ့ မင်းသားငယ်အတွက် သင့်ရာ အမည်သညာကို တွက်ချက်ပြီး ငါကိုယ်တော်ထံ လျှောက်တင်စမ်း"

မင်းတရားကြီးရဲ့ စကားအဆုံးမှာ တော့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့ က

"မှန်လှပါဘုရား မင်းသားငယ်လေးရဲ့ မွေးဇာတာကို တွက်ချက် ကြည့်တဲ့ အခါ မင်းသားငယ်လေးမှာ တစ်ပါးသူနဲ့ မတူတဲ့ သွင်ပြင် လက္ခဏာတွေကို တွေ့ရှိရကြောင်းပါ ဘုရား"

"ဟေ ဘယ်လို လက္ခဏာတွေတုန်း မဆိုင်းမတွ အမြန် လျှောက်တင်စမ်း"

"မှန်လှပါဘုရား မင်းသားငယ်လေးရဲ့ နဖူးအလယ်မှာ လေးထောင့်အင်းစမပုံသဏ္ဍာန် အမှတ်အသား ပါလာကြောင်းပါ ဘုရား "

"ဟဲ့ အဲဒီလိုပါလာတော့ ဘာဖြစ်မတုန်း အစအဆုံး မရပ်တန့်ပဲ လျှောက်တင်စမ်း"

"မှန်လှပါဘုရား မင်းသားငယ်လေးရဲ့ ဇာတာက မင်းဖြစ်ရင် ဇမ္ဗူတစ်ခွင်မှာ ဘယ်တိုင်းပြည်ကမှ မော်ဖူးမရဲအောင် ဘုန်းတန်ခိုး ကြီးမား ပါလိမ့်မယ်ဘုရား သို့ပေသော်ညား မင်းသားလေးရဲ့ ဇာတာမှာ လမ်းကြောင်းနှစ်ခု ပေါ်ပေါက် နေကြောင်းပါ ပထမ လမ်းကြောင်းက ယခုဘဝမှာ မင်းဖြစ်လျှင် ဘုန်းတန်ခိုး အလွန်ကြီးမားနိုင်ပြီး ဒုတိယ လမ်းကြောင်းက သက်တော် သုံးဆယ်မပြည့်ခင် မနာလိုသူတွေရဲ့ အကောက်ကြံမှုကိုခံ ရနိုင်ပါတယ် ဘုရား"

ပုဏ္ဏားတို့ ရဲ့ လျှောက်တင်မှု အပြီးမှာ တော့ မင်းတရားကြီးက

"မင်းသားလေးရဲ့ နာမည်ကို စကြာမင်းသားလေးလို့ ပေးတော်မူမယ် မင်းသားလေးကို အနောက်ဘက် တစ်ခရိုင် အပိုင်စားပေးမှာ ဖြစ်လို့ အနောက် စကြာမင်းသားလေးလို့ ခေါ်တွင် စေကြ မင်းသားလေးရဲ့ လုံခြုံရေးကိုတော့ နဒ္ဒရော်ဓားအဖွဲ့က လိုက်လံ စောင့်ရှောက်စေ "

မင်းတရားကြီး စကားအဆုံးမှာ တော့

"မှန်လှပါ အရှင်မင်းတရားကြီးရဲ့ အမိန့်ကို နာခံလျက်ရှိကြောင်းပါ ဘုရား"ဆိုတဲ့ အသံတွေက နန်းဆောင်ထဲကနေ အပြင်ကို လျှံထွက်လာခဲ့တယ်။

"တောက် မကျေနပ်နိုင်ဘူး အစ်မတော် ငါ့ကိုကျတော့ ဖခမည်းတော်က သေးငယ်တဲ့ မြို့တစ်မြို့ကိုပဲ ပေးတယ် အခုမှ မွေးတဲ့ ညီတော်ကိုကျတော့ အနောက်ခရိုင် တစ်ခုလုံးပေးတယ် ဒါကတရားမျှတမှု ရှိတယ်လို့ ဆိုနိုင်မလား"

"သိဒ္ဓိ သင့်စကားက ဘာအဓိပ္ပာယ်လဲ ဖခမည်းတော်က သင့်အတွက်လဲ စီစဉ်ထားတာ ရှိလိမ့်မပေ့ါ ယခုက သင်ညီတော်အပေါ် သင်မကောင်း ကြံနေတာလား မယ်တော်က မွေးတဲ့ စကြာမင်းသားလေးက

သင့်ရဲ့ ညီတော် ငါ့ရဲ့ မောင်တော်လေ ညီအစ်ကို အချင်းချင်း သင်ဘာလို့ အခုထဲက စိတ်ဝမ်းကွဲ နေရတာလဲ"

"အိုကွာ ကျုပ်မသိဘူး အစ်မတော် ဒီကလေးက ကျုပ်ဘုရင်ဖြစ်မယ့် အခြေအနေကို အနှောင့်အယှက် ပေးလာနိုင်တယ် သူ့ကို ကျုပ်လုံးဝ မနှစ်မြို့ဘူး"

"သိဒ္ဓိ တော်စမ်း နင့်စကားကို ဒီမှာ တင်ရပ် ဘေးလူတွေကြားရင် နင်ဒုက္ခ ရောက်လိမ့်မယ် သွားတော့ "

အရှင်မြတ်ဘုရားရဲ့ စကားအဆုံးမှာ တော့ သိဒ္ဓိ နန်းဆောင်ထဲကနေ အပြင်ကို ထွက်လာခဲ့လိုက်တယ်။

***